## မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် Daiwa Institute of Research Ltd တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားကျင်းပခြင်း

မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် Daiwa Institute of Research Ltd တို့သည် မြန်မာနိုင်ငံ၏ ငွေရေးကြေးရေးကဏ္ဍ၊ သတင်းအချက်အလက်နှင့်နည်းပညာ (IT)စနစ် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် Office Computer System တပ်ဆင်အသုံးပြုနိုင်ရေး ပူးပေါင်း ဆောင်ရွက်မှု မူဘောင်သတ်မှတ်သည့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားအား ယနေ့ နံနက် (၁၀း၀၀)နာရီ အချိန်က နေပြည်တော်အမရာဟိုတယ်၌ ကျင်းပခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ လင်းအောင်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် Daiwa Institute of Research Ltd ဥက္ကဋ္ဌ Mr. Takashi Fukai နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ အခမ်းအနားတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီးမှ အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ လက်မှတ်ရေးထိုးသော နားလည်မှုစာချွန်လွှာ၏ ရည်ရွယ်ချက်သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ် တွင် ICT နည်းပညာတိုးတက်ဖွံ့ဖြိုးမှုရှိစေရန်အတွက် ရုံးလုပ်ငန်းသုံးကွန်ပျူတာစနစ် အသုံးပြု နိုင်မည့်လမ်းညွှန်ချက်များပံ့ပိုးနိုင်ရန် အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ် ကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ IT နည်းပညာဖွံ့ဖြိုးရေးသည် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်၍ ၂၀၁၂ ခုနှစ်မှစတင်၍ လေ့လာစစ်တမ်းကောက်ယူမှုပြုလုပ်၍ စီမံချက်များရေးဆွဲခဲ့ ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ရှေ့လုပ်ငန်းစဉ်များ ရည်မှန်းချက်ချမှတ်ဆောင်ရွက် ရာတွင် ဘဏ်လုပ်ငန်းကို ကမ္ဘာ့အဆင့်မီကွန်ပျူတာစနစ်ဖြင့် ဆောင်ရွက်နိုင်စေရန်အတွက် ဘဏ် လုပ်ငန်းတစ်ခုလုံးတွင် Network ကွန်ယက်များ ချိတ်ဆက်ဆောင်ရွက်နိုင်သည်အထိ အဆင့်မြင့် တင်ဆောင်ရွက်သွားရန် ရည်ရွယ်ထားပါကြောင်း၊ ဘဏ်လုပ်ငန်းစနစ်အတွင်း Network ချိတ်ဆက် ဆောင်ရွက်နိုင်ရန်လိုအပ်သော Data Center တစ်ခုကို တည်ဆောက်ရန်အတွက်လည်း ညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်း၊ ဘဏ်လုပ်ငန်းစနစ် အဆင့်မြင့်တင်၍ စွမ်းရည်ပြည့်ဝစွာ အကောင် အထည်ဖော်ဆောင်ရွက်နေခြင်းသည် မြန်မာနိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက် အပံ့ဖြစ်စေနိုင်ကြောင်း၊ ယခုအကောင်အထည်ဖော်မည့်စီမံချက်တွင် ပူးပေါင်းဆောင်ရွက်ပေးကြမည့် ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)၊ Daiwa Institute of Research Ltd (DIR)၊ Fujitsu Limited နှင့် KDDI Corporation ၊Toshiba ၊ Panasonic Information System အဖွဲ့အစည်းများမှ တာဝန်ရှိသူများအားလုံး၏ ဆောင်ရွက်မှုကို အသိအမှတ်ပြုကြောင်း၊ မြန်မာ-ဂျပန်နှစ်နိုင်ငံကြား ရင်းနှီးချစ်ကြည်ရေး အခွန့်ရှည်တည်ပါစေကြောင်း ပြောကြားခဲ့ပါသည်။ ဆက်လက်၍ DIR ဥက္ကဋ္ဌမှ အမှာစကားပြောကြားခဲ့ပါသည်။

ထို့နောက် နားလည်မှုစာချွန်လွှာအား မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်း နှင့် DIR ဥက္ကဋ္ဌ Mr. Takashi Fukai တို့မှ လက်မှတ်ရေးထိုး၍ စာချွန်လွှာများ အပြန်အလှန် လဲလှယ်ခဲ့ကြပါသည်။ စာချွန်လွှာများ လက်မှတ်ရေးထိုးပြီးနောက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးသန်းညိန်းမှ ကျေးဇူးတင်စကားပြောကြားခဲ့ပါသည်။ နားလည်မှု စာချွန်လွှာလက်မှတ်ရေးထိုးပွဲ အခမ်းအနားပြီးဆုံးပြီးနောက် တက်ရောက်လာကြသည့် ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့မှ သတင်းမီဒီယာများနှင့်တွေ့ဆုံ၍ မေးမြန်းသည်များ ဖြေကြားခဲ့ပါသည်။

အဆိုပါ အခမ်းအနားသို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနလက်အောက်ရှိ ဌာနများမှ ဌာနအကြီးအကဲများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဌာနကြီးမှူးများနှင့် ဂျပန်နိုင်ငံ ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ အခမ်းအနားအား မွန်းတည့်(၁၂:၀၀)နာရီတွင် ရုပ်သိမ်းခဲ့ပါသည်။